တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်

အိမ်သာတက်သည့်အခါတိုင်း ကျွန်တော်နှင့် ကျွန်တော်၏အရွယ်တူ ကလေးတစ်ဦးသည် ရေအိုးတစ်လုံးနှင့်

လှံတိုတစ်ချောင်းကို သယ်ဆောင်လျက် လိုက်ပါကြရသည်။ထို့နောက် တမန်တော်မြတ်သည် ရေဖြင့်

သန့်စင်တော်မူလေသည်။

အနတ်စ်‌ဗင်န် မာလိက်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အိမ်သာတက်သည့်အခါတိုင်း ကျွန်တော်နှင့်
ကျွန်တော် ၏အရွယ်တူ ကလေးတစ်ဦးသည် ရေအိုးတစ်လုံးနှင့် လှံတိုတစ်ချောင်းကို
သယ်ဆောင်လျက် လိုက်ပါကြရသည်။ ထို့နောက် တမန်တော်မြတ်သည် ရေဖြင့်
သန့်စင်တော်မူလေသည်။
[صحيح] [متفق عليه]

အနတ်စ် ဗင်န် မာလိက် (ရဿွိယလ္လာဟုအန်ဟု) တင်ပြသည်မှာ - တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် မိမိ၏သဘာဝလိုအပ်ချက်ကိစ္စဆောင်ရွက်ရန်ထွက်တော်မူသည့်အခါတိုင်း (အိမ်သာတက်သည့်အခါတိုင်း) သူကော၊ သူနှင့်အရွယ်တူအခြားလက်‌အောက်ငယ်သားကလေးငယ်တစ်ဦးတို့သည် ကိုယ်တော်၏နောက်သို့ လိုက်သွားလေ့ရှိပြီး၊ ကိုယ်တော့်အတွက် ၎င်းတို့နှစ်ဦးသည် လှံတံဖျားကဲ့သို့ ချွန်ထက်သော ချွန်းပါရှိသည့်တုတ်တစ်ချောင်း၊ ဤတုတ်ကို မြေတွင်စိုက်၍ ၎င်းပေါ်တွင် အဖုံးအကာ တစ်ခုခုကိုချိတ်ဆွဲရန်အတွက်လည်းကောင်း သို့မဟုတ် တမန်တော်မြတ် ဝတ်ပြုရန်အတွက် ရှေ့မှအကာအရံအဖြစ်(စွသ်ရဟ်) ပြုလုပ်ပေးရန် ဖြစ်ပါသည်။ ထို့ပြင် သားရေဖြင့်ပြုလုပ်ထားပြီးရေအပြည့်ဖြည့်ထားသော ရေအိုးကလေးတစ်လုံးကို ယူဆောင်သွားပါသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိ၏သဘာဝလိုအပ်ချက်ကိစ္စမှ ပြီးဆုံးသွားသောအခါ၎င်းတို့နှစ်ဦးအနက် တစ်ဦးဦးက ထိုရေအိုးငယ်ကို ကိုယ်တော့်အားပေးပြီးကိုယ်တော်မြတ်သည် ယင်းရေဖြင့် သန့်စင်တော်မူလေသည်။

http://www.sunnah.global/hadeeth/my/show/3030